# ခွတ်ဒေါင်းတို့ နဲ့ အတူ တောင်ပန်ခတ်ခဲ့တဲ့ အမြင့်ပျံ အောက်ချင်းငှက်။ ဆလိုင်းတင်မောင်ဦး။

ဆလိုင်းကစ် (ပ်) (ချင်းပြည်)

***“------- တောင်ခိုးများဝေမှိုင်းသော၊ တောင်ဇလပ် ပန်းများဆင်သသော၊ စိမ်းသော၊ ပြာညို့သော (ချင်းပြည်မှ) အောက်ချင်းငှက်သည် သစ္စာရှိခြင်း၊ ညီညွတ်စည်းလုံးခြင်း၊ အေးချမ်းခြင်းတေးသံကို သီဆိုကျူးရင့် ပါစေသတည်း။”*** – စါဆိုတော်ကြီး ဒဂုဏ်တာရာ (တက္ကသိုလ်များ ရန်ကုန်၊ ချင်းမဂ္ဂဇင်း ၁၉၈၂–၈၃ မှ ကောက်နှုတ်ချက်။**)**



သူဟာစင်စစ် အမြင့်ပျံ အောက်ချင်းငှက်၊ ရဲစွမ်းသတ္တိရှိသော သားကောင်းယောကျ်ားဟူ၍ နက်ရှိုင်းတဲ့ အဓိပ္ပာယ်ကိုဆောင်တဲ့ ဆလိုင်းဟူသော ဂုဏ်ပုဒ်နှင့်အတူ လွတ်မြောက်ရေးတိုက်ပွဲတို့ ပြင်းထန်ခဲ့ပြီး အစဉ်အလာအားဖြင့် ကမ္ဘာတလွှား သွေးမြေအကျဆုံး တက္ကသိုလ်ဖြစ်တဲ့ ရန်ကုန်တက္ကသိုလ်၊ ကျောင်းပရဝဏ်သို့ ပျင်းပြခိုင်မာတဲ့ နိုင်ငံရေး သန္နိဌာန်တခုကို ကိုင်ဆွဲကာ ခြေချခဲ့တယ်။

သူဟာ ခွတ်ဒေါင်းအလံကို မြင့်မြင့်လွှင့်ထူနိုင်ခဲ့ပြီး ဂုဏ်ရောင်ပြောင်တဲ့ သူရဲ့ ခွတ်ဒေါင်းရဲဘော်တို့နဲ့ လက်ခြင်းအခိုင်အမာဆက်ကာ တောင်ပန်အတူ ခတ်ခဲ့တယ်။ သူဟာအဖိနှိပ်ခံ ပြည်သူတို့ရဲ့ လွတ်မြောက်ရေးအတွက်တိုက်ပွဲများစွာ ရွတ်ရွတ်ချွံချွံ ဆင်နွှဲခဲ့တယ်။ ရဲစွမ်းသတ္တိရှိသော သားကောင်းယောကျ်ားပီသခဲ့တယ်။ စစ်မှန်တဲ့ ဆလိုင်းတဦး။ ပြည်သူ့အကျိုးကို ဦးထိပ်ထားကာ ချင်းအမျိုးသားရေး ဂုဏ်ရောင်ပြောင်စေခဲ့သူ။ ကြီးမား မြင့်မြတ်တဲ့ တော်လှန်ရေး စိတ်ဓါတ်ကို ကိုင်ဆွဲထားသူ၊ **ဆလိုင်းတင်မောင်ဦး**။

၁၉၇၆ခု၊ ဇွန်လ ၂၆ ရက်နေ့ (နံနက် ၄ နာရီ) အင်းစိန်ထောင်မှာ စစ်အစိုး ရက ဆလိုင်းတင်မောင်ဦး ကို လှို့ဝှက်စွာကြိုးပေးသတ်ဖြတ်ခဲ့တယ်။ သမိုင်းမှာ မကြုံစဘူး ကျောင်းသားခေါင်းဆောင်တဦးကို အခုလို ကြိုးပေးသတ်ဖြတ်ခဲ့တာဟာ စစ်အာဏာရှင်တို့ရဲ့ အတွေးအခေါ်အားဖြင့် နိမ့်ကျလွန်း၊ ချွတ်ခြုံကျလွန်းလှတဲ့ အချက်ကို သက်သေပြလိုက်တာ ဖြစ်ပြီး စစ်အစိုးရအတွက် သမိုင်းအမဲကွက်ကြီး အဖြစ် ကျန်ရစ်ခဲ့တယ်။ တဖက်မှာ၊ ရှည်ကြာပြီး မပြီးဆုံးသေးတဲ့ ပြည်သူ့လွတ်မြောက်ရေး အရေးတော်ပုံကြီးအတွက်၊ အသက်သွေး၊ ချွေးတို့နဲ့ ရေးသားကဗျည်းထိုးခဲ့တဲ့ ကျောင်းသားအာဇာနီတဦး ပေါ်ထွန်းခဲ့တာမို့၊ နောင်မျိုးဆက်သစ်တွေအတွက်၊ အတုယူစရာအရေးကြီးတဲ့ သမိုင်းမှတ်တိုင် တခု ဖြစ်ခဲ့ရပါတယ်။

**“ရဲဘော်တို့ လူသူမသိအောင် ငါ့ကိုသတ်ဖို့ သူတို့လုပ်နေကြတယ်”**

**“မင်းတို့ရဲ့ စစ်ဖိနပ်အောက်မှာ ငါဘယ်သောအခါမှ ဒူးမထောက်ဘူး”**

**– ဆလိုင်းတင်မောင်ဦး ၏ နောက်ဆုံးစကားများ –**

### ၁၉၇၄–၇၅ စာသင်နှစ်။

ပြည်သူ့ အရေးတော်ပုံကြီးရဲ့ ထွန်းပြောင်တဲ့ သမိုင်းမှတ်တိုင်တခု။ အဲဒီနှစ်က စါသင်နှစ် စတာနဲ့ ကျောင်းသားတွေတလှုပ်လှုပ် တရွရွနဲ့ ထူးထူးခြားခြားရှိလှတယ်။

### ၁၉၇၄ ဇန္နဝါရီလ (၃) ရက်။

နှစ်အစမှာ မဆလစစ်အစိုးရက သူတို့ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ဆိုတာကြီးကို အတင်းအဓမ္မ အတည်ပြုလိုက်ကြတယ်။ ပိုပြီးစိတ်လှုပ်ရှားစေတာက ဖယ်ဒရယ်ပြည်ထောင်စုအရေးနဲ့ အဖမ်းခံခဲ့ကြရတဲ့ ချင်းပြည်နယ်က စစ်ဖက်၊ နယ်ဖက်၊ မဆလ ပါတီက လူကြီးတချို့နဲ့ ချင်းကျောင်းသားခေါင်းဆောင်တချို့ ထောင်ကလွတ်လာကြတာ ပူပူနွေးနွေး။ တခြားအမျိုးသား ပြည်နယ်များက ဖယ်ဒရယ်ပြည်ထောင်စုအရေးနဲ့ အဖမ်းခံခဲ့ကြရတဲ့ ခေါင်းဆောင်တွေလည်း ထိုနည်း၄င်းဘဲ မိမိတို့ မတရား အကျဉ်းချ ခံခဲ့ရတဲ့ ထောင်အသီးသီးကနေ လွတ်လာကြတယ်။

### ၁၉၇၄ ဇွန်လ (၆) ရက်နဲ့ (၇) ရက်။

နှစ်အစမှာ မဆလစစ်အစိုးရက အတင်းအဓမ္မ အတည်ပြုလိုက်ကြတဲ့ ဖွဲ့စည်းအုပ်ချုပ် ပုံအခြေခံဥပဒေပုဒ်မ (၉) မှာ အလုပ်သမား နဲ့ လယ်သမားတွေရဲ့ အင်အားကိုအခြေခံထားတဲ့ လုပ်သားပြည်သူတို့ရဲ့ အကျိုးစီးပွားကို နိုင်ငံတော်က ကာကွယ် စောင့်ရှောက် ထားကြောင်း အတိအလင်းဆိုထားပါတယ်။ အတည်ပြုပြဋ္ဌာန်းလို့ ၆ လဘဲ ရှိသေးတယ်၊ ဒီဥပဒေ ဒီပုဒ်မကို စိန်ခေါ်စမ်းသပ်တဲ့ အထွေထွေအလုပ်သမားသပိတ်ကြီး ပေါ်ပေါက်ခဲ့တယ်။ ၁၉၇၄ ခု အထွေထွေအလုပ်သမားသပိတ် ကြီးမှာ တပြည်လုံးစက်ရုံ အလုပ်ရုံ ၁၀၀ ကျော်ပါဝင်ခဲ့ပြီး ဇွန်လ (၆) ရက်နေ့ နဲ့ (၇) ရက်နေ့ တွေမှာ အလုပ်သမား အများအပြားနဲ့ အတူ ကျောင်းသားတချို့လည်း သွေးမြေကျခဲ့ကြရတယ်၊ တချို့လည်းထွက်ပြေးတိမ်း ရှောင်ခဲ့ကြရတယ်။

ဒီလို စိတ်လှုပ်ရှားစရာ နိုင်ငံရေး ရာသီဥတုတွေကြားထဲမှာဘဲ တက္ကသိုလ်များရန်ကုန်၊ ၁၉၇၄–၇၅ စါသင်နှစ်၊ ချင်းစါပေနှင့် ယဉ်ကျေးမှုကော်မီတီ (ခစယ) ရွေးကောက်ရာမှာ အရေးအပါဆုံးဖြစ်တဲ့ အထွေထွေအတွင်းရေးမှူးနေရာ ရွေးကောက်ရန် အခြေ အနေတင်းမာနေခဲ့တယ်။ အထစ်အငေ့ါတွေဖြစ်နေခဲ့တယ်။ အရင်စါသင်နှစ်က မကြေလည်ခဲ့တဲ့ လက်ကျန်ပြသနာတခုရဲ့ ကွင်းဆက်။ တဖက်နဲ့တဖက် အပေးအယူမတည့်ခဲ့။ ခစယ အတွင်း စည်းလုံးမှုလည်းခိုင်မာမှုမရှိ၊ ရှော့ရဲနေခဲ့တယ်။ ဒီအစည်း အဝေးရဲ့ ထူးခြားချက်တခုကလည်း ဒီအစည်းအဝေးကို မထင်မရှား လူသိမများသေးတဲ့ အရှိုု မြေပြန့်ချင်း ကျောင်းသားတဦး ဖြစ်တဲ့ ဆလိုင်းတင်မောင်ဦး ဆိုသူတဦး ပါဝင်တက်ရောက်နေတာဖြစ်တယ်။ သူ့ကို ခစယ အစည်းအဝေးကို ခေါ်လာပြီး အများနဲ့ မိတ်ဆက်ပေးလိုက်တာကတော့ သူနဲ့အတူ ထောင်ကလွတ်လာတဲ့ အဲဒီတုံးက ဆေးကျောင်းသား၊ နောက်ပိုင်း ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အရွေးကောက်ခံအမတ် ဖြစ်လာတဲ့ ဒေါက်တာဇလေ့ထန်း ဘဲဖြစ်ပါတယ်။

တတိုင်းလုံးတပြည်လုံး နိုင်ငံရေးအခြေအနေတွေ အုတ်အုတ်ကျက်ကျက်ဖြစ်နေပြီး အထက်ပါဖေါ်ပြခဲ့တဲ့ အကြောင်းတရား အချက်အလက်တွေနဲ့ ပြည့်စုံနေတဲ့အချိန်၊ ခစယ အတွင်းခေါင်းဆောင်မှု ပြဿနာကနေရှုန်းထွက်မရ၊ လိပ်ခဲတည်းလည်း ဖြစ်နေတဲ့အချိန်။ ဒီအစည်းအဝေးရဲ့ ထောင့်တနေရာမှာ ငြိမ်ငြိမ်သက်သက် နားစိုက်ထောင်နေခဲ့တဲ့ ဆလိုင်းတင်မောင်ဦး ကိုယ်တိုင်ကလည်း တိုင်းရေးပြည်ရေး ဦးထိပ်ထားခဲ့ပြီး ကျောင်းသားမြေအောက်လှုပ်ရှားမှုမှာ ပါဝင်ပါတ်သက်ခဲ့တဲ့အတွက် ၁၉၇၄ ဇန္နဝါရီလ (၃) ရက်မှာ ဖက်စစ်နေဝင်း စစ်အုပ်စုရဲ့ အင်းစိန်ထောင်ထဲမှာ အကျဉ်းကျရာကနေ ပူပူနွေးနွေး လွတ်လာတဲ့ ချင်းကျောင်းသားတဦး ဖြစ်နေပြန်ပါတယ်။ အချိန်အခါရဲ့ တောင်းဆိုမှုကိုနားလည်ပြီးဖြစ်တဲ့ ဆလိုင်းတင်မောင်ဦး ဟာ သွေးစည်းညီညွတ်ရေးဆိုင်ရာ သူရဲ့အယူအစ အတွေးအခေါ်တွေနဲ့ ခေတ်အချိန်အခါရဲ့ သွေးစည်းညီညွတ်ရေး တောင်းဆိုမှု

စတာတွေကို အစည်းအဝေးရဲ့ အရှေ့ကိုထွက်ပြီး ရိုးရိုးသားသားတင်ပြခဲ့တယ်။ ရှင်းလင်းပြတ်သားတိုတောင်းသော်လည်း ပြီးပြည့်စုံလှတဲ့သူရဲ့ တင်ပြချက်အပြီးမှာတော့ အစည်းအဝေးခမ်းမ တခုလုံးတခဏတာ ငြိမ်သက်သွားပြီး အားလုံးရဲ့ အာရုံဟာ သူ့အပေါ် ကိုရောက်သွားကြတယ်။ လတ်တလော မိမိတို့ရင်ဆိုင် ကြုံတွေ့နေရတဲ့ ခေါင်းဆောင်မှုပြဿနာရဲ့ တခုတည်းသော အဖြေကိုသူတို့အားလုံးရဲ့ စိတ်သန္တာန်ထဲမှာအထင်းသား ပေါ်လာသလိုပါဘဲ။ ၁၉၇၄–၇၅ စာသင်နှစ်၊ ခစယ အထွေထွေအတွင်း ရေးမှူး အဖြစ် ဆလိုင်းတင်မောင်ဦး ကိုကန့်ကွက်သူ အလျဉ်းမရှိ တခဲနက်တင်မြှောက်လိုက်ကြပြီး ခိုင်မာတဲ့စည်းလုံးမှုကို တည်ဆောက်ဖြစ်ခဲ့ ကြပါတယ်။ ခေတ်သမိုင်းတို့မည်သည်၊ အချိန်အခါရဲ့ တောင်းဆိုမှုအရ သူ့အချိန်သူ့အခါနဲ့ ကိုက်ညီတဲ့ ခေါင်းဆောင်တို့ကို မွေးထုတ်ပေးလေ့ရှိပါတယ်။ ခစယ အထွေထွေအတွင်းရေးမှူး အဖြစ်အမြင့်ပျံ့ အောက်ချင်းငှက်တို့ရဲ့ အစဉ် အလာတာဝန်တွေကို တက်တက်ကြွကြွ စတင်ထမ်းဆောင်နေတုန်း၊ မရှေးမနှောင်းမှာဘဲ ဗိုလ်နေဝင်း စစ်အုပ်စုရဲ့ မတရား သဖြင့် ရယူတည်ဆောက်ထားတဲ့ ဖက်စစ်အာဏာရှင်စံနစ်ကို ဖိန့်ဖိန့်တုန်အောင်စိန်ခေါ်မဲ့ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူး ချုပ်ဟောင်း ဦးသန့် ဈာပန အရေးအခင်းကို အခြေပြုပြီး ပေါ်ပေါက်ခဲ့တဲ့ ပြည်သူ့အရေးတော်ပုံကြီးကို တစ်ခြားရဲရဲတောက် ခွတ်ဒေါင်း ရဲဘော်တွေနဲ့အတူ ဆလိုင်းတင်မောင်ဦး ကိုယ်တိုင်ပါဝင်ပြီး ဦးဆောင်မှု ပေးဖြစ်ခဲ့ပါတယ်။

## ၁၉၇၄ ဒီဇင်ဘာလ (၅) ရက်။

မြန်မာပြည်သူတွေလေးစားတဲ့၊ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ဟာ၊ ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာကြီးလည်းဖြစ်ပါတယ်။ သူ့ကို ကမ္ဘာ့ ပြည်သူတွေကလဲ အစဉ်သဖြင့်လေးစားနေကြမှာဖြစ်ပါတယ်။ ဦးသန့် ရုပ်ကလ္လာပ် ထားရှိရာ ကျို့က္ကစံကွင်းဆီကို ဦးတည်ပြီး တန်းစီချီတက်လာကြတဲ့ ထောင်နဲ့သောင်းနဲ့ချီတဲ့ တက္ကသိုလ်ပေါင်းစုံမှ ကျောင်းသား တန်းကို သောက်ရေနဲ့ ငှက်ပျောသီးများဝေငှပေးနေတဲ့ စက်မှုတက္ကသိုလ်ကျောင်းသားများငှားထားတဲ့ ဒွေါဂျစ်ကားပေါ်ကနေ အသံချဲ့စက်နဲ့ ပြောနေတဲ့ အသံပါဘဲ။ အသံချဲ့စက်မှ မကြာခဏဆိုသလို ဦးသန့် ဈာပန ကိုစည်းကမ်းသေဝတ်စွာ လိုက်ပါကြဖို့ နဲ့ ကမ္ဘာငြိမ်းချမ်းရေးဗိသုကာကြီးကို နောက်ဆုံးဂါရဝပြုကြဖို့ တိုက်တွန်းတဲ့ အသံမှအပ ချီတက်နေတဲ့ ကျောင်းသားကျောင်းသူ တွေဟာလဲ အထူးစိတ်လှုပ်ရှား တက်ကြွနေကြပေမဲ့ တစုံတရာအော်ခြင်းဟစ်ခြင်းမရှိ၊ ချီတက်ရာမှာ စည်းကမ်းသေဝတ်မှု ရှိကြပါတယ်။ ကျို့က္ကစံကွင်းမှာ ဦးသန့် ကို နောက်ဆုံးဂါရဝပြုဖို့နဲ့ လွမ်းသူ့ပန်းခွေချဖို့ ရောက်နှင့်နေတဲ့ သောင်းနဲ့ချီတဲ့ မိဘပြည်သူရဟန်းရှင်လူတွေနဲ့ ချီတက်လာတဲ့ကျောင်းသားထုတို့ ပေါင်းစပ်မိခဲ့ကြပါတယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာကြီး လည်းဖြစ်တဲ့ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့် ကိုဂါရဝပြုကြပြီး ကိုကြည်ဝင်း၊ ဆလိုင်း တင်မောင်ဦး အစရှိတဲ့ ကျောင်းသားခေါင်းဆောင်တွေက ဆက်လက်ပြီးဦးသန့် ဈာပနကို ကျောင်းသားများက ဆက်လက် တာဝန်ယူသွားမှာ ဖြစ်တဲ့အတွက် ဦးသန့်ရဲ့ ရုပ်ကလ္လာပ် လုံခြုံရေး တာဝန်ယူထားကြတဲ့ ကြက်ခြေနီအဖွဲ့အား ဖယ်ရှားပေးရန် မေတ္တာရပ်ခံလိုက်ပါတယ်။ ကြက်ခြေနီအဖွဲ့ ဖယ်ရှားပေးပြီးတာနဲ့ ကျောင်းသားခေါင်းဆောင်များ လိုက်ပါလာတဲ့ဒွေါဂျစ်ကို ဦးသန့် ရုပ်ကလ္လာပ်အနီးဆီကို မောင်းတက်လာပြီး ၁၉၆၂ ခုနှစ် (၇) ရက် ဂျူလိုင်မှာကျဆုံးခဲ့တဲ့ ကျောင်းသားများကို တမိနစ် ငြိမ်သက်စွာ အလေးပြုကြပါတယ်။ တဆက်ထည်းမှာဘဲ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ရဲ့ ဈာပနကို နိုင်ငံတော်ဈာပနာ အဖြစ်ထိုက်ထိုက်တန်တန် တခန်းတနားကျင်းပပြီး ဦးသန့်ရဲ့ ရုပ်ကလ္လာပ်ကိုလည်း ဦးသန့် ဗိမ္ဗာန် တည်ဆောက်ကာ ဂူသွင်းသဂြိုဟ်ဖို့ ပြည်သူတွေရဲ့ ဆန္ဒကိုစစ်အစိုးရက ဆန့်ကျင်ငြင်းဆန်ပြီး သာမန်လူတွေ သဂြိုဟ်တဲ့ ကြံတောသင်္ချိုင်းမှာ မြှုပ်နှံသဂြိုဟ်ဖို့ စီစဉ်ထားတာကို ကျောင်းသားများအပါအဝင် ပြည်သူလူထုကလက်မခံနိုင်ကြောင်း၊ ဒါကြောင့် ဦးသန့် ဈာပနကို ပြည်သူ့ဈာပနာအဖြစ်ကျင်းပပြီး၊ သူ့ရဲ့ ရုပ်ကလ္လာပ်ကိုလည်း ဗိမ္ဗာန်တည်ဆောက် ဂူသွင်းသဂြိုဟ်ဖို့ တောင်းဆိုချက်ကို စစ်အစိုးရကလက်ခံ လိုက်လျောတဲ့အထိ ရန်ကုန်တက္ကသိုလ်ဝင်းထဲမှာ အများပြည်သူတို့ ဂါရဝပြုနိုင်အောင် ထားရှိမှာ ဖြစ်တဲ့အကြောင်း ကြေငြာလိုက်ပါတယ်။ ကြေငြာချက်အပြီးမှာတော့ ပြည်သူလူထုကလဲ သောင်းသောင်းဖျဖျ လက်ခုတ်တီးရင်း၊ အသံလိုက်ရင် လိုက်ပျော်ရွှင်ဝမ်းမြောက်စွာ ဩဘာပေးကြပါတယ်။ အဲဒီနောက်၊ ဦးသန့် ရဲ့ ရုပ်ကလ္လာပ်ကို ကားပေါ်တင်ပြီး "ဦးသန့် ဗိမ္ဗာန် တည်ဆောက်ရေး၊ ဒို့အရေး။ တပါတီ အာဏာရှင်စံနစ်၊ အလိုမရှိ။" စသည်ဖြင့် ကြွေးကြော်ပြီး ရန်ကုန်တက္ကသိုလ်ဆီကို ဦးတည်သယ်ဆောင်လာကြတယ်။ ဘွဲ့နှင်းသဘင်ခမ်းမမှာ ဦးသန့်ရဲ့ ရုပ်ကလ္လာပ်ကို အများပြည်သူတို့

နေ့စဉ်လာရောက် ဂါရဝပြုကြပါတယ်။ ရဟန်းသံဃာကအစ လူထုလူတန်းစားပေါင်းစုံပါဝင်ကြပြီး ရန်ကုန်တက္ကသိုလ်ဝင်း ထဲမှာလည်း နေ့စဉ်နဲ့အမျှ စစ်အစိုးရဆန့်ကျင်ရေး တရားဟောပြောပွဲတွေကို တက္ကသိုလ်ဘွဲ့နှင်း သဘင်ခမ်းမရှေ့မှာ ပြုလုပ်ကြ ပါတယ်။ ဦးသန့်ကို ဂါရဝပြုရင်း၊ နိုင်ငံရေးတရားများကို နားထောင်အားပေးကြတဲ့ လူထုပရိသတ်မှာ ရန်ကုန်ဝိဇ္ဇာ နှင့် သိပ္ပံတက္ကသိုလ်ဝင်း တခုလုံးနေ့စဉ်နှင့်အမျှ သိန်းဂဏန်းမကရှိခဲ့ပါတယ်။ တက္ကသိုလ်ဆေးရုံနဲ့ ရန်ကုန်တက္ကသိုလ်ဝင်းအကြား တက္ကသိုလ်လမ်းတစ်လျှောက် ဘယ်ဖက်ညာဖက်နှစ်ဖက်စလုံးမှာလဲ ဘူးသီးကျော်ဆိုင်များ၊ လ္ဘက်ရည်ဆိုင်များနဲ့ ပွဲဈေးတန်း တခုလိုစည်ကား သိုက်မြိုက်ခဲ့ပါတယ်။

## ၁၉၇၄ ဒီဇင်ဘာလ (၈) ရက်။

စစ်အစိုးရအနေနဲ့ ကျောင်းသားနဲ့ ပြည်သူတွေရဲ့တောင်းဆိုချက်များအနက် ဦးသန့်ဈာပနကို နိုင်ငံတော် ဈာပနအဖြစ် ကျင်းပဖို့ကို နောက်ဆုံးအချိန်ထိ ငြင်းဆန်ခဲ့တယ်။ ဦးသန့်ရုပ်ကလ္လာပ်ကိုတော့ ကန်တော်မင်ပန်းခြံမှာ ဗိဗ္ဗာန်တည်ဆောက် ဂူသွင်းဖို့ သဘောတူကြောင်းထုတ် ပြန်ကြေငြာတဲ့အထိဖြစ်ခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများ၊ သံဃာတော်များနဲ့ ဖွဲ့စည်းထားတဲ့ ဈာပနကော်မီတီတွင်း မဲခွဲဆုံးဖြတ်ချက်ချကြရာမှာ ကန်တော်မင်ပန်းခြံမှာ ဗိမာန်တည်ဆောက်ဂူသွင်းဖို့ မဲပေးသူအများစု ဖြစ်ခဲ့ပါတယ်။ ဒီဇင်ဘာလ (၈) ရက်မှာနောက်ဆုံးဂါရဝပြုဖို့ တက္ကသိုလ်ကျောင်းဝင်းအတွင်း ဗိုလ်နေဝင်း မိုင်း ထောင်ဖျက်စီးခဲ့တဲ့ ယခင်ကျောင်းသားသမဂ္ဂအဆောက်အဦးရှိရာ မြေကွက်လပ်မှာ ကျောင်းသားများတည်ဆောက်နေတဲ့ ငြိမ်းချမ်းရေးဗိဗ္ဗာန်အုတ်ဂူဆီကို သယ်ဆောင်လာပြီး ဦးသန့်ရုပ်ကလ္လာပ်ကို ကန်တော်မင်ပန်းခြံမှာ ဗိမာန်တည်ဆောက်ဂူသွင်း မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာတဲ့အခါမှာ သိန်းဂဏန်းမကတဲ့ ကျောင်းသားပြည်သူရဟန်းရှင်လူ၊ လူထုပရိတ်သတ်က ကျောင်းသားများ ဆောက်ထားတဲ့ ငြိမ်းချမ်းရေးဗိမာန်မှာဘဲ ဂူသွင်းသင်္ဂြိုဟ်ဖို့ တစ်ခဲနက်တောင်းဆိုကြတဲ့အတွက် အဲဒီမှာဘဲ ဂူသွင်းသင်္ဂြိုဟ်လိုက်ကြပြီး ငြိမ်းချမ်းရေးဗိမာန်ကို ဆက်လက်တည်ဆောက်ခဲ့ကြပါတယ်။

ဦးသန့် ဗိမာန်တည်ဆောက်ဖို ပြည်သူတွေလှူတန်းတဲ့ ငွေဟာလည်းကျပ်ငွေ (၃) သိန်းထိ ကျောင်းသားတွေက ကောက်ခံရရှိ ခဲ့ကြပါတယ်။ ဦးသန့် အရေးအခင်းကြီးဟာ ခုနှစ်ရက် တပါတ်အထိ ပြည်သူလူထုရဲ့ ထောက်ခံအားပေးမှုနဲ့ အရှိန်မြင့်သထက် မြင့်လာတာနဲ့အမျှ မဆလပါတီတွင်း၊ ကောင်စီတွင်း၊ တပ်မတော်တွင်း၊ ထောက်လှန်းရေးတပ်များ စသည်ဖြင့်ပြည်သူတွေ ဘက်ကို နည်းအမျိုးမျိုးနဲ့ ပူးပေါင်းပါဝင်လာကြပါတယ်။ ဥပမာအားဖြင့် ပါတီဌာနချုပ်၊ ထောက်လှန်းရေး အစရှိသည်တို့ကနေ အစိုးရရဲ့ အတွင်းသတင်းတွေပေးပို့လာကြတယ်။ ဒီအတွင်းသတင်းတွေကိုမှီပြီး စစ်ထောက်လှန်းရေး ၃၀၀ လောက်ကို တက္ကသိုလ်ဝင်းထဲမှာတင် ကျောင်းသားနဲ့ ပြည်သူတို့ ပူးပေါင်းပြီး ဖေါ်ထုတ်ဖမ်းဆီးနိုင်ခဲ့တယ်။

## ၁၉၇၄ ဒီဇင်ဘာလ (၁၁) ရက်။

ဒီလိုနဲ့ ဒီဇင်ဘာလ (၁၁) ရက်နေ့ အလုပ်သမားထုပါဝင်လာပြီး လူထုတိုက်ပွဲအရှိန်ကိုမြှင့်တင်ဖို့ လုပ်နေချိန်၊ မနက် (၂) နာရီမှာ စစ်တပ်နဲ့ လုံထိမ်း ပူးပေါင်းပြီး ရန်ကုန်တက္ကသိုလ်ကို ဝင်စီးပါတော့တယ်။ ကျောင်းသား၊ ရဟန်းရှင်လူ ရာနဲ့ချီအသတ်ခံခဲ့ရပြီး၊ ဆန္ဒပြသူ ၃၀၀၀ ခန့်ကို ဖမ်းဆီးကာ အင်းစိန်ထောင်မှာ အကျဉ်းချခဲ့ကြပါတယ်။ ဦးသန့် ရုပ်ကလ္လာပ်ကိုလည်း အဓမ္မသိမ်းပိုက် လိုက်ပြီး နံနက်လင်းအားကြီးအချိန်မှာ ရွှေတိဂုံဘုရားခြေရင်း၊ ကန်တော်မင်ပန်းခြံမှာရှိတဲ့ သခင်ကိုယ်တော်မှိုင်း အုတ်ဂူနဲ့ ကပ် ရက်မှာ သင်္ဂြိုဟ်လိုက်ကြပါတယ်။ ထူးခြားတာကတော့ ဦးသန့်ဗိမာန်ကို ကျောင်းသားများကောက်ခံရရှိတဲ့ အများပြည်သူ လှူဒါန်းခဲ့ကြတဲ့ ငွေတွေနဲ့ တည်ဆောက်ခဲ့ပါတယ်။ ဒါဟာလည်းကျောင်းသားနဲ့ ပြည်သူစည်းလုံးညီညွှတ်မှုရဲ့ အမှတ်သင်္ကေတ တခုပါဘဲ။

၁၉၆၂ ခုနှစ် ဂျူလိုင်လ (၇) ရက်နေ့ ကျောင်းသားတွေကို သွေးချောင်းစီးသတ်ဖြတ်ခဲ့ပြီး နောက်တနေ့ မှာဘဲ သမိုင်းဝင်ကျောင်းသားသမဂ္ဂအဆောက်အဦးကြီးကို ဗိုလ်နေဝင်းနဲ့အပေါင်းပါ စစ်အုပ်စုက မိုင်းထောင်ဖေါက်ခွဲပြီး၊ နောင်စစ်အာဏာကို မဗီဆန်ဝန့်အောင်၊ ဖျက်စီးပစ်ခဲ့ကြတယ်။ ဦးသန့် အရေးအခင်းရဲ့အစမှာ ဆလိုင်းတင်မောင်ဦး အပါအဝင် ကျောင်းသားခေါင်းဆောင်တွေရဲ့ ဦးဆောင်မှုနဲ့အတူ ၁၉၆၂ ခုနှစ်ဂျူလိုင်လ (၇) ရက်နေ့မှာ ကျဆုံးခဲ့တဲ့ ကျောင်းသားတွေကို ပြည်သူတွေနဲ့အတူ အလေးပြု ခဲ့ကြတယ်။ ဦးသန့် အရေးအခင်း အဆုံးသတ်သွားတဲ့အခါမှာတော့ ဦးသန့်ဗိမာန်ဆိုတဲ့ အဆောက်အဦတခုဟာ ထီးထီးမားမား ပေါ်ထွက်လာခဲ့ ပါတယ်။ ပြည်တင်းရင် မင်းမခံနိုင်ဆိုတာကိုပြသလိုက်တာဖြစ်တယ်။ ပြည်သူ့ အရေးတော်ပုံကြီးရဲ့ ထွန်းပြောင်တဲ့သ မိုင်းမှတ်တိုင်တခု။

## ၁၉၇၅–၇၆ စာသင်နှစ်။

ပြီးခဲ့တဲ့စာသင်နှစ်တွေမှာ တက္ကသိုလ်ကျောင်းသားများ ဆူဆူပူပူဖြစ်ခဲ့ကြတာကိုဘဲ ကျောင်းသားတွေရဲ့ နေ့စဉ် ကျောင်းတွင်းကျောင်းပြင်၊ ကျောင်းဆောင်များမှာ စားရေးသောက်ရေးကစ အဆင်မပြေတာတွေကြောင့်လိုလို စစ်အစိုးရရဲ့ မကြည်လင်တဲ့ သုံးသပ်ချက်အရပညာ ရေးဝန်ကြီးဦးခင်မောင်ဝင်း ကို တက္ကသိုလ်အသီးသီးကို လှည့်လည်ပြီး ကျောင်းသားတွေနဲ့ အပြန်အလှန်မေးမြန်းဆွေးနွေးဖို့ စေလွှတ်ခဲ့ပါတယ်။ စစ်အစိုးရအနေနဲ့က ကျောင်းသားတွေရဲ့ နေ့တဒူဝ လိုအပ်ချက်တွေကို ဖြည့်စည်းပေးနိုင်ရင် တက္ကသိုလ်ကျောင်းသား များဆူဆူ ပူပူ ဖြစ်ခဲ့ကြတာတွေ ငြိမ်းအေးသွားမယ်လို့ ယုံကြည် ခဲ့ပုံရပါတယ်။

## ၁၉၇၅ ဇွန်လ (၆) ရက်။

မှတ်မိသလောက်ကတော့ ပညာရေးတက္ကသိုလ်မှာ ပွဲဦးထွက်ဆွေးနွေးပွဲ တခုလုပ်ပြီး ၁၉၇၅ ဇွန်လ (၆) ရက်နေ့ မှာဘဲ တိုက်တိုက်ဆိုင်ဆိုင် ရန်ကုန်စက်မှုတက္ကသိုလ်ကို ပညာရေးဝန်ကြီးကိုယ်တိုင် လာဖို့အလှည့်ကြုံပါတော့တယ်။ တိုက်တိုက်ဆိုင်ဆိုင်လို့ ဆိုရတာက အဲဒီနေ့ဟာ အရင်နှစ်ကဖြစ်ပျက်ခဲ့တဲ့ အထွေထွေအလုပ်သမားသပိတ်ကြီးရဲ့ နှစ်ပါတ်လည်နေ့ကြီး ဖြစ်နေပါတယ်။ ဆင်မလိုက်သင်္ဘောကျင်း၊ သမိုင်းခြည်မျှင်နှင့် အထည်စက်ရုံ စသည်တို့မှာ အလုပ်သမားအမြောက်အမြားနဲ့ အတူကျောင်းသားတစ်ချို့ ၁၉၇၄ ဇွန်လ (၆) နဲ့ (၇) ရက်နေ့ များမှာ သွေးမြေကျအသက်စတေးခဲ့ကြတာ ပူပူနွေးနွေး ဘဲရှိနေပါသေးတယ်။ ပိုပြီးဆိုးတာက ရန်ကုန်စက်မှုတက္ကသိုလ် မဆလရဲ့ လမ်းစဉ်လူငယ်အဖွဲ့ထဲက ကျောင်းသားတွေကို တိတ်တစိတ်ကြိုတင်ညှိနှိုင်းထားကြပြီး ဘယ်သူပြီးရင်ဘယ်သူ ဘာတွေပြောမယ်ဘာတွေ တင်ပြဆွေးနွေးမယ်ဆိုတာတွေ ဇာတ်တိုက်ထားကြတဲ့သတင်းဟာ စက်မှုတက္ကသိုလ်ကျောင်းဆောင်တွေမှာ သတင်းပြန့်နှံ့နေပြီး မဆလခေတ်တခုလုံးမှာ မဆလရဲ့ လုပ်ရိုး လုပ်စဉ်အတိုင်း ဒီလိုဟန်ပြအတုအယောင် ဆွေးနွေးဝိုင်းကျင်းပပြီး ကျောင်းသားထုကိုလိမ်ညာစေါ်ကားဖို့ ကြံစည်မှုအပေါ် ကျောင်းသားထုဟာဒေါသူပုန်ထနေကြပြီးဖြစ်တယ်။ ဆွေးနွေးပွဲကို စက်မှုတက္ကသိုလ် ခမ်းမထဲမှာကျင်းပခဲ့ပြီး စင်မြင့်ပေါ်မှာတော့ ရန်ကုန်စက်မှုတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်ကြီး၊ ပညာရေးဝန်ကြီး ဒေါက်တာခင်မောင်ဝင်းနဲ့ နိုင်ငံတော် ကောင်စီဝင် ဒေါက်တာလှဟန် တို့ အဖွဲ့ကနေရာယူထားကြပါတယ်။ ဒါပေမဲ့ မဆလ အတွက်မှန်းချက်နဲ့ နှမ်းထွက်မကိုက် ဖြစ်သွားခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ပွဲဦးထွက်ပြောဖို့ လမ်းစဉ်လူငယ်က ဇာတ်တိုက်ရွေးချယ်ထားတဲ့ ကျောင်းသား တစ်ချို့ သာပြောလိုက်ရပြီး နောက်ပိုင်းကျောင်းသားထုထဲက တစ်ယောက်ပြီးတစ်ယောက် စစ်အစိုးရကိုတစ်တစ်ခွခွ စတင်ဝေဖန်ပြောဆိုလိုက်ကြတာ အားလုံး ကျောင်းသားအယောက် သုံးဆယ်လောက်ကပြောဖြစ်ခဲ့ကြပါတယ်။

***“အလုပ်သမားတွေက ဆန်တောင်းတယ်၊ ခင်ဗျားတို့ ကကျည်ဆန်ပေးတယ်။” – ကိုသိမ်းလွင်၊ စက်မှု။***

***“ကျောင်းသားအခြင်းခြင်း သွေးဝမ်းကွဲအောင် တစ်ယောက်နဲ့တစ်ယောက် မယုံသင်္ကာဖြစ်အောင် အပြန်အလှန်ထောက်လှမ်းခိုင်းတာတွေ ရပ်တန်းကရပ်ပေးပါ” – ကိုစိုးရှန်၊ လျှပ်စစ်။***

*“ကျောင်းသားတွေ ဆန္ဒပြတိုင်း ချင်းစစ်သားတွေက ပြစ်တယ်လို့ ထင်ယောင်ထင်မှားဖြစ်အောင်၊ ချင်းလက်နက်ကိုင်တပ်ရင်းတွေရဲ့ အမှတ်တံဆိတ်နဲ့ စစ်သားတွေကိုသုံးခဲ့တယ်၊ ဒါဟာ တိုင်းရင်းသားခြင်းစိတ်ဝမ်းကွဲအောင် လုပ်တာဖြစ်တယ်။ ဒီလိုလုပ်ရပ်တွေကို ရပ်တန်းက ရပ်ပေးပါ။” – ဆလိုင်းကစ် (ပ်)၊ ဗိသုကာ။*

မဆလရဲ့ အတုအယောင် ဆွေးနွေးပွဲကြီးဟာ ကျောင်းသားထုရဲ့ ရဲရဲတောက် ရင်ဖွင့်ကြတဲ့ ဒီမိုကရေစီ ဟစ်တိုင်အသွင်ကို ပြောင်းသွားပြီး” “ဆွေးနွေးပွဲကြီး” ပြီးဆုံးသွားတဲ့အချိန်မှာဘဲ ဆန္ဒပြပွဲစတင်ပါတော့တယ်။ အမှန်မှာတော့ ပညာရေးဝန်ကြီး ဦးခင်မောင်ဝင်းဟာ စက်မှုတက္ကသိုလ် “ဆွေးနွေးပွဲကြီး” ပြီးရင်၊ သမိုင်းကျောင်းဆောင်တွေစီကို သွားရောက်ပြီး ကျောင်းသားတွေနဲ့ဆက်လက် “ဆွေးနွေး” ဖို့ပါဘဲ။ ဒါပေမဲ့ ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားတွေရဲ့ ဒီမိုကရေစီ ဟစ်တိုင်က ပေးလိုက်တဲ့ ဒါဏ်ရာဒါဏ်ချက်တွေကြောင့် သူ့ခမြာမှာ သမိုင်းကျောင်းဆောင်တွေစီက ကျောင်းသားတွေကို မရင်ဆိုင်ရဲလောက်အောင် ဖြစ်သွားရပြီး၊ အဲဒီ “ဆွေးနွေးပွဲကြီး” ကိုဖျက်သိမ်းတိမ်းရှောင်သွားခဲ့တယ်။ တစ်နည်းအားဖြင့် သူဟာအင်မတန်ကံကောင်းသွားတယ်လို့ဆိုနိုင်ပါတယ်။ ဘာဖြစ်လို့ လဲဆိုတော့ ဦးသန့် အရေးအခင်းမှာ မဆလထောက်လှမ်းရေး တွေက အမိမဖမ်းနိုင်ခဲ့တဲ့ ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦးဟာ ဝန်ကြီးလာမဲ့သမိုင်းကျောင်းဆောင်က အားကစားရုံမှာ ကြိုတင်ရောက်နှင့်စောင့်စိုင်းနေခဲ့လို့ပါဘဲ။ ဆလိုင်းတင်မောင်ဦးဟာ ဦးသန့် အရေးအခင်းပြီးတော့ မြေပေါ်တစ်လှည့် မြေအောက်တစ်လှည့် ပြည်သူတွေကြားမှာ တိမ်းရှောင်ပုန်းအောင်းနေခဲ့တာ ဖြစ်ပြီးသွေးစွန်းခဲ့တဲ့ ဂျွန် (၆) ရက်နဲ့ (၇) ရက်အလုပ်သမားရေးအခင်း နှစ်ပါတ်လည်နေ့ အထိမ်းအမှတ်ဆန္ဒပြပွဲကို ဖန်တီးဦးဆောင်ဖို့ အတွက်စွမ်းအားအပြည့်နဲ့ မြေပေါ် ကိုပြန်လာခဲ့တာဖြစ်ပါတယ်။

ပညာရေးဝန်ကြီး ဦးခင်မောင်ဝင်း သမိုင်းကျောင်းဆောင်တွေစီကိုလာဖို့ အစီအစဉ်ဖျက်သိမ်းလိုက်ပြီး ဒီမိုကရေစီဟစ်တိုင်က နေအောင်ပွဲခံခဲ့ကြတဲ့ ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားတစ်ချို့ ရောက်လာကြတဲ့အခါမှာ အင်အားစုနှစ်ခုပေါင်းစပ်သွားပြီးကျောင်းသားဆန္ဒပြပွဲ အရှိန်မြင့်လာခဲ့ပါတယ်။ အရင်နှစ်အလုပ်သမားအရေးအခင်းအပြီးမှာ သမိုင်းကျောင်းဆောင်များကနေ သမိုင်းချည်မျှင်နှင့် အထည်စက်ရုံများရဲ့ အလုပ်သမားဝင်းရှိရာ ရန်ကုန်အင်းစိန်လမ်းမကို ထွက်တဲ့လမ်းကို စစ်အစိုးရက နောင်ကိုကျောင်းသားနဲ့ အလုပ်သမားအလွယ်တကူ မပေါင်းမိအောင် ရည်ရွယ်ပြီး အုတ်တံတိုင်း တည်ဆောက်ကာရံခဲ့ ပါတယ်။ ဆလိုင်းတင်မောင်ဦးဟာ ကျောင်းသားထုအင်အားနဲ့ အဲဒီအုတ်တံတိုင်းကို ဖြိုခွဲပြစ်လိုက်တယ်။ ပြီးတော့ဆန္ဒပြ ကျောင်းသားထုကိုဦးဆောင်ပြီး ရန်ကုန်အင်းစိန်လမ်းမဆီကို ခေါ်ဆောင်လာခဲ့တယ်။ ဆန္ဒပြကျောင်းသားတွေဟာ ရန်ကုန်ဝိဇ္ဇာနဲ့သိပ္ပံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခမ်းမမှာ သပိတ်စခမ်းဖွင့်ပြီး ဆက်လက်ဆန္ဒပြကြပါတယ်။

နောက်ပိုင်း ရက်တွေမှာတော့ အလုပ်သမားတစ်ချို့လဲ ပါဝင်ပူးပေါင်းခဲ့ကြပြီး ကျောင်းသားအမြောက်အမြားကို အကျဉ်းချထားတဲ့အင်းစိန်ထောင်စီကို ချီတက်ကြပါတယ်။ “အင်းစိန်ထောင်ကို ချဲ့ပစ်၊ ချဲ့ပစ်။” “အမေကမွေး၊ ထောင်ကကျွေး” ဆိုတဲ့စစ်အာဏာရှင်တွေရဲ့ ပြည်သူကိုခြိမ်းခြောက်အုပ်ချုပ်ရာမှာ ထိထိရောက်ရောက်အသုံးပြုခဲ့တဲ့ “ထောင်” ဆိုတဲ့ဖိနှိပ်ရေးကိရိယာကိုမကြောက်ဘူးဆိုတာ ပြသခဲ့ကြပါတယ်။ ရဲရဲတောက်ကြွေးကြော်သံတွေနဲ့ လောကတခွင်လုံးကို ပဲ့တင်ထပ်စေခဲ့ပါတယ်။ ထောင်ထဲကအလုပ်သမားနဲ့ ကျောင်းသားတွေကလည်း အာဏာရှင်တွေရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ အကျဉ်းထောင်ထဲမှာ အညှင်းပန်းအနှိပ်စက်ခံနေကြရပေမဲ့ အမှန်တရားအတွက် ကြောက်တရားကင်းမဲ့တာကိုပြသပြီး လိုက်လံကြွေးကြော်ကြပါတယ်။ ဆန္ဒပြကျောင်းသားတွေကလည်း အင်းစိန်ထောင်ကိုဖွင့်ပေးဖို့ သူတို့ကို ဖမ်းဖို့ တောင်းဆိုခဲ့တာဖြစ်တယ်။

ဆန္ဒပြကျောင်းသားတွေဟာ ညနေပိုင်းမှာ သပိတ်စခန်းကို ရွှေတိဂုံဘုရားပေါ်သို့ရွှေ့ကြပြီး တညလုံးဆန္ဒပြခဲ့ကြတယ်။ မနက်လင်းအားကြီးချိန်မှာ စစ်တပ်က စစ်ဖိနပ်တွေ မချွတ်ပဲရွှေတိဂုံဘုရားပေါ်ကို ရိုင်းရိုင်းစိုင်းစိုင်းတက်လာကြပြီး ကျောင်းသားတွေကို မတရားဖမ်းစီးခဲ့ကြတယ်။ ကျောင်းသားတွေကို စစ်လော်ရီကား (၈) စင်းတိုက်ပြီး အင်းစိန်ထောင်ကိုခေါ်ဆောင်သွားကြ ပါတယ်။ လမ်းတလျှောက်မှာ အဖမ်းခံကျောင်းသားတွေဟာ စစ်အစိုးရဆန့်ကျင်ရေးကြွေးကြော်သံတွေကို မရပ်မနားကြွေးကျော်သွား

ကြတယ်။ ကျောင်းသား ၁၅၀ ခန့် အဖမ်းခံခဲ့ရပြီးအင်းစိန်ထောင်အဝင်မှာတော့ အဝင်လမ်းဟိုဖက်ဒီဖက်မှာ ထောင်ဝါတာတွေက ကြိုတင်စောင့်နေကြပြီး နံပါတ်တုတ်နဲ့ ရက်ရက်စက်စက်ဝိုင်းရိုက်ကြပါတယ်။

## ၁၉၇၆ မတ် လ (၂၃) ရက်။

သခင်ကိုယ်တော်မှိုင်းရဲ့ ရာပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ရွှေတိဂုံဘုရားခြေရင်းက သခင်ကိုယ်တော်မှိုင်းရဲ့ အုတ်ဂူဆီကိုချီတက်ဂါရဝပြုကြဖို့ မြေအောက်ကျောင်းသားသမဂ္ဂ တက္ကသိုလ်များရန်ကုန်က စီစဉ်ထားပြီးဖြစ်သလို တစ်ခြားကျောင်းသားအဖွဲ့အစည်းတွေကလည်း သူတို့နည်းသူတို့ဟန်နဲ့ စီစဉ်ထားကြတယ်။ မြေအောက်ကျောင်းသားသမဂ္ဂ တက္ကသိုလ်များ ရန်ကုန်ဟာ တိုက်ပွဲအတွေ့ အကြုံတွေရင့်ကျက်ခဲ့တဲ့ ဝါရင့်ခွတ်ဒေါင်း (ကိုနေဝင့်မော်) ကိုယ်တိုင်ဦးဆောင်ခဲ့ပြီး အများအားဖြင့်အဲဒီကာလမှာ မော်စကိုပြန်လို့ ရေပန်းစားသမုတ်ခေါ်ဝေါ်ကြတဲ့ ဦးသန့်အရေးအခင်းမှာ အဖမ်းခံကြရပြီး အင်းစိန်ထောင်ကနေပြန်လွတ်လာကြတဲ့ တက္ကသိုလ်ပေါင်းစုံက ထောင်ထွက်တွေနဲ့ဖွဲ့စည်းထားတာဖြစ်တယ်။ ၁၉၇၅ ဂျွန်လ ကာလမြေအောက်လှုပ်ရှားမှုတွေမှာ လက်ဝဲကျောင်းသားသမဂ္ဂဆိုတဲ့ အမည်အောက်မှာလှုပ်ရှားခဲ့ကြတဲ့ သူတွေဖြစ်ပါတယ်။ သခင်ကိုတော်မှိုင်းရာပြည့်ရက် နီးလာတဲ့အခါမှာ စက်မှုတက္ကသိုလ်က အစဉ်အလာကြီးမားခဲ့တဲ့ ခွတ်ဒေါင်းရဲဘော်ကဗျာဆရာ ကိုတင်အေးကြူတို့အုပ်စုနဲ့ ပေါင်းမိခဲ့ကြပါတယ်။ ကလောင်အမည် ညိုမှိုင်းလွင် ဖြစ်တဲ့ ကိုတင်အေးကြူကို ကျောင်းသားလောကမှာ မှိုင်းကြီးလို့လူသိများခဲ့ပါတယ်။ ကိုတင်အေးကြူဟာ ၁၉၇၄ ဂျွန်လ (၆) ရက် အလုပ်သမား တိုက်ပွဲမှာတက်တက်ကြွကြွပါဝင်ခဲ့ပြီး နောက်ပိုင်းမှာ ပျောက်ဆုံးနေခဲ့တဲ့အတွက် ခွတ်ဒေါင်းရဲဘော်တွေက အလုပ်သမားတိုက်ပွဲမှာ ကျဆုံးသွားခဲ့တယ်လို့ယူဆခဲ့ကြတယ်။ မှိုင်းကြီးအမှတ်တရ ကဗျာတွေစက်မှုတက္ကသိုလ်မှာ လှို့ဝှက်ဖြန့်ဝေပြီးဂုဏ်ပြုခဲ့ကြတယ်။ မှိုင်းရာပြည့်နီးကာမှ ကိုတင်အေးကြူတစ်ယောက်ဘွားကနဲ့ ပြန်ပေါ်လာတော့အား လုံးအံ့အား လဲသင့်ပျော်လဲ ပျော်ခဲ့ကြ ရပါတယ်။ ဒီကာလတွေမှာ ကိုတင်အေးကြူ ဟာပြည်သူတွေရဲ့ ရင်ခွင်ထဲမှာခိုလှုံတိမ်း ရှောင်နေခဲ့တယ်ဆိုတာကို သိရတော့ ဝမ်းပမ်းတသာကြိုဆိုလိုက်ကြပါတယ်။

မတ်လ (၂၃) ရက်နေ့ မနက်စောစော ရှစ်နာရီလောက်ကစ၊ စါတွေပို့စကဒ်တွေ ကြိုတင်ဖြန့်ဝေပြီးတပ်လှန့် ထားပြီးဖြစ်တဲ့အတိုင်း စက်မှုတက္ကသိုလ်ရဲ့ စင်ဝင်အောက်မှာကျောင်းသားထု စုရုံးနေကြပြီဖြစ်တယ်။ ကျောင်းသားထုထဲမှာတော့ ချီတက်ပွဲကို ဦးဆောင်ဖို့ ရွေးချယ်ထားပြီးဖြစ်တဲ့ ကိုတင်အေးကြူနဲ့အတူ ကိုသန်းလင်း၊ ကိုဝင်းမြင့်၊ ကိုမောင်မောင် (မန္တလေး)၊ ကိုတင့်အောင် နဲ့ ကျွန်တော်တို့တစ်တွေ နေရာယူထားကြပြီးဖြစ်တယ်။ အဲဒီမနက် စက်မှုတက္ကသိုလ်ရဲ့ စင်ဝင်အောက်မှာ စုရုံးလာကြတဲ့ ကျောင်းသားထုဟာ ကျောင်းစင်ဝင်အောက်ရှိ အဲဒီနေ့ထုတ် အစိုးရထုတ်သတင်းစာတွေကို ဝိုင်းအုန်ဖတ်ရှုရင်း၊ စိတ်လှုပ်ရှားကြရတဲ့ အကြောင်းတခုကတော့ ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦးနဲ့ ကိုမြင့်စိုးတို့ကို သခင်ကိုယ်တော်မှိုင်းရာပြည့် ချီတက်ဆန္ဒပြပွဲကို ဖန်တီးဦးဆောင်ဖို့ အတွက်မြေအောက် ကနေပြန်အလာမှာ ဆန္ဒပြပွဲမှာ အသုံးပြုဖို့အတွက်လုပ်ထားတဲ့ ခေါင်းစီးများနဲ့အတူ အရင်ညက ဖမ်းဆီးရမိကြောင်း ဓာတ်ပုံများနဲ့အတူ သတင်းစာခေါင်းကြီးပိုင်းမှာ ပါလာတာဖြစ်ပါတယ်။ ကျောင်းသားထုထဲက တော်တော်များများက ခေါင်းဆောင်တွေအဖမ်းခံရလို့ ချီတက်ပွဲကြီးဘယ်လိုဖြစ်မယ်ဆိုတာ ဝေခွဲမရဖြစ်နေချိန်မှာဘဲ၊ သတ်မှတ်ထားတဲ့ အချိန်ရောက်တော့ ကိုသန်းလင်းက စတင်ပြီး ကြွေးကျော်သံတွေကိုစတင်ဖြန့်ဝေလိုက်တဲ့အချိန်မှာ အားလုံးအုတ်အုတ်ကျက်ကျက်ဖြစ်သွားကြတယ်။ ကိုတင်အေးကြူက စတင်ပြီးကြွေးကျော်သံတွေကိုဖတ်ကြားသွားပြီး၊ သခင်ကိုယ်တော်မှိုင်းအုတ်ဂူဆီကို ချီတက်ကြရာမှာ အခုဝေငှထားတဲ့ကြွေးကျော်သံများကိုသာကြွေးကျော်ကြဖို့နဲ့ တစ်ခြားကြွေးကျော်သံများ အဆိုတင်သွင်းလိုသူရှိပါက အဆိုသွင်းကြပါရန် ဖိတ်ခေါ်လိုက်ပါတယ်။ ကျောင်းသားထဲက တစ်စုံတစ်ရာအဆိုတင်သွင်းမှု မရှိတဲ့အတွက် ဖြန့်ဝေထားတဲ့ ကြွေးကျော်သံတွေကို အတည်ပြုဖြစ်သွားပြီး ကိုတင်အေးကြူ က တိုင်တည်ပြီး စတင်ကြွေးကျော်ကြပါတယ်။ ကြွေးကျော်သံတွေကတော့ သခင်ကိုယ်တော်မှိုင်းကိုဂါရဝ ပြုတဲ့ကြွေးကျော်သံများသာဖြစ်ပြီး စစ်အစိုးရကိုဆန့်ကျင်တဲ့ ကြွေးကျော်သံတွေ တမင်သက်သက် ချန်လှပ်ထားတာဖြစ်တယ်။ ကြိုတင်စီစဉ်ပြီးသား ဖြစ်တဲ့အတိုင်း ဟီးနိုးဘာစ်ကားတွေကိုတားပြီး ရန်ကုန်ဝိဇ္ဇာနဲ့သိပ္ပံတက္ကသိုလ် ဖက်ကို ဦးတည်ပြီးတစ်စင်းပြီးတစ်စင်းထွက်ခွာသွားကြပါတယ်။

ရန်ကုန်ဝိဇ္ဇာနဲ့သိပ္ပံ တက္ကသိုလ်မှာတော့ ဆလိုင်းတင်မောင်ဦးရဲ့ ညီမဖြစ်သူ မိုင်ပိုပို ဦးစီးပြီးကျောင်းသားတွေကို စုရုံးထားတာမို့ ရန်ကုန်စက်မှုတက္ကသိုလ်က ကျောင်းသားတွေအရောက်မှာ အင်အားစုနှစ်ခုပူးပေါင်းသွားကြပါတယ်။ မိုင်ပိုပို ကတော့ အဲဒီအချိန်က အထက်တန်းကျောင်းသူ ဖြစ်ပေမဲ့ သူ့အစ်ကို ဆလိုင်းတင်မောင်ဦး အဖမ်းခံရတာကို အဲဒီနေ့ထုတ် သတင်းစာမှာဖတ်လိုက်ရတော့ ကျောင်းသားခေါင်းဆောင် အဖမ်းခံရလို့ မှိုင်းရာပြည့်ချီတက်ဆန္ဒပြပွဲ အစီအစဉ်ကြီးပျက်စီးသွားမှာကို မကြည့်ရက်နိုင်တာမို့ သူကိုယ်တိုင် ရန်ကုန်ဝိဇ္ဇာနဲ့သိပ္ပံတက္ကသိုလ်ဝင်းထဲကိုဝင်ပြီး ကျောင်းသားတွေကို မှိုင်းရာပြည့်ပွဲချီတက်ကြဖို့ ပြောင်ပြောင်တင်းတင်း စတင်စည်းရုံးခဲ့ပါတယ်။ ပထမပိုင်းမှာတော့ နုနုနယ်နယ် မိန်းကလေးတစ်ဦးရဲ့ တိုက်ပွဲခေါ်သံကို စိတ်ဝင်တစားသာနားထောင်နေကြပြီး ပါဝင်လာတာမရှိသေးဘဲ ဇဝေဇဝါဖြစ်နေကြပါတယ်။ ကျောင်းဆောင်ပေါ်ကနေဆင်းပြီး လိုက်ရကောင်းနိုးနိုး မလိုက်ရကောင်းနိုးနိုးဖြစ်နေတဲ့ ကျောင်းသားတွေကို သူဟာနုနုနယ်နယ် မိန်းခလေး တစ်ဦးဖြစ်ပေမဲ့ ဒီတိုက်ပွဲကို စစ်အစိုးရကဖမ်းထားလိုက်တဲ့ သူ့အစ်ကို ဆလိုင်းတင်မောင်ဦး ကိုယ်စားသူ့လိုဘဲ သတ္တိရှိရှိ ဦးဆောင်နိုင်တယ်ဆိုတာ ပြသဖို့အတွက် "ရှင်တို့သတ္တိမရှိရင်ကျမထမိန်ကိုဝတ်ကြ" ဆိုပြီး သူ့ထမိန်ကိုချွတ်ပြီး လွှင့်ပြစ် လိုက်ပါတယ်။ အားကစားဘောင်းဘီတိုအဖြူရောင်ကို ဝတ်ထားတဲ့ မိုင်ပိုပို ဟာကျောင်းသားတွေကို အားမာန်အပြည့်နဲ့ ဆက်လက်ပြီး မှိုင်းရာပြည့်ပွဲ ချီတက်ကြဖို့ ဖိတ်ခေါ်ခဲ့တယ်။ ဒီအချိန်မှာတော့ မိုင်ပိုပိုရဲ့သတ္တိနဲ့ လေးနက်တဲ့တိုက်ပွဲခေါ်သံတွေကို အသိအမှတ်ပြုလာကြပြီး ကျောင်းသားတွေစတင်စုရုံး လာကြပါတယ်။

မိုင်ပိုပိုဟာ ကိုတင်အေးကြူ အစရှိတဲ့ တစ်ခြားကျောင်းသားခေါင်းဆောင်တွေနဲ့အတူ လက်တွဲပြီးချီတက်ပွဲကြီးကို အရှေ့ဆုံးကနေဦးဆောင်သွားပါတယ်။ သခင်ကိုယ်တော်မှိုင်းကို ဂါရဝပြုကြပြီး ကျောင်းသားတွေဟာဝိဇ္ဇာနဲ့သိပ္ပံတက္ကသိုလ်ကို ပြန်လာကြပါတယ်။ ဘွဲ့နှင်းသဘင်ခမ်းမရှေ့ကို ရောက်လာကြတဲ့အချိန်မှာ ကျောင်းသားတွေက လက်ရှိမဆလစစ်အစိုးရကို ဆန့်ကျင်ကြောင်းကြွေးကြော်ပြီး စစ်အစိုးရဆန့်ကျင်ရေးကြွေးကျော်သံတွေကို စတင်ကြွေးကျော်ကြပါတယ်။ စစ်အစိုးရက အဲဒီည (၈) နာရီမှာ မြန်မာ့အသံကနေကြေညာပြီး တက္ကသိုလ်ကျောင်းများကို ပိတ်လိုက်ပါတယ်။ နောက်တနေ့ ကျောင်းသားတွေ လူစုကွဲသွားတဲ့အခါမှာ ကိုတင်အေးကြူ၊ ကိုသန်းလင်း၊ ကိုဝင်းမြင့် စတဲ့ကျောင်းသားခေါင်းဆောင်တွေကို စစ်အစိုးရကဖမ်းစီးလိုက်ပါတယ်။ တဆက်ထဲမှာဘဲ ဆလိုင်းတင်မောင်ဦး ရဲ့ ညီမ မိုင်ပိုပို အပြင်သူတို့ရဲ့ မိဘနှစ်ပါးကိုပါမကျန် မတရားဖမ်းစီးကာ ထောင်ချလိုက်ကြပါ တယ်။

၁၉၇၆ ခု၊ ဇွန်လ ၂၆ ရက်နေ့ (နံနက် ၄နာရီ) အင်းစိန်ထောင်မှာ စစ်အစိုးရက ဆလိုင်းတင်မောင်ဦး ကို စစ်ခုံရုံးနဲ့ အကျဉ်းနည်းစစ်ဆေးပြီး လျှို့ဝှက်စွာ ကြိုးပေးသတ်ဖြတ်ခဲ့တယ်။ စစ်အစိုးရက ဆလိုင်းတင်မောင်ဦးကို ကြိုးပေးသတ်လိုက်တဲ့အခါမှာ သူ့ကိုထားခဲ့တဲ့ ကြိုးတိုက်နံရံပေါ်မှာတော့ "ညီမလေး မိုင်ပိုပို အတွက်အစ်ကိုကြီး ဂုဏ်ယူပါတယ်" ဆိုတဲ့စာတန်းလေးဟာ အထင်းသားကျန်ရစ်ခဲ့ ပါတယ်။

–ပြီး–

**မှတ်ချက်။** ဒီဆောင်းပါးကို စစ်အစိုးရက ဆလိုင်းတင်မောင်ဦး ကို ကြိုးပေးသတ်လိုက်တဲ့ အနှစ် (၃၀) မြောက်အထိမ်း အမှတ် အဖြစ်ရေးခဲ့တာဖြစ်ပါတယ်။ ဆလိုင်းတင်မောင်ဦးနဲ့ တကွ ပြည်သူ့လွတ်မြောက်ရေး အရေးတော်ပုံကြီးအတွက် အသက်ပေးလှူ စတေးသွားခဲ့ကြတဲ့ ခွတ်ဒေါင်းရဲဘော်များအားလုံးကို ဒီဆောင်းပါးနဲ့ အလေးပြုလိုက်ပါတယ်။

**ဝန်ခံချက်။** ဒီဆောင်းပါးကို ရေးသားရာမှာလွန်ခဲ့တဲ့အနှစ် (၃၀) လောက်ကအဖြစ်အပျက်တွေကို မှတ်မိသလောက်နဲ့ အချက် အလက်တွေ ပြန်လည်စုဆောင်းရာမှာလည်း လက်လှမ်းမှီသလောက်သာ စုဆောင်းနိုင်ခဲ့ပြီး စိတ်ရှိတိုင်းကျယ်ကျယ် ပြန့်ပြန့်မစု ဆောင်းနိုင်ခဲ့ပါ။ စုစောင်းရသမျှ အချက်အလက်တွေကို တိကျမှန်ကန်မှုရှိအောင် အတတ်နိုင်ဆုံး ကြိုးစားထားသော်လည်း ပြီးပြည့်စုံသည်ဟု မယူဆစေလိုပါ။

**ကျေးဇူးတင်စကား။** ဒီဆောင်းပါးကိုရေးသားရာမှာ မိမိတို့ရဲ့မှတ်ညဏ်ဘဏ်တိုက်မှ အချက်အလက်များနဲ့အကူအညီပေးခဲ့ ကြတဲ့ ကိုသိမ်းလွင် (Thailand) ကိုဋ္ဌေးဝင်း (Germany)၊ Mang Za Mung (Australia)၊ Khup Khan Thang (USA)၊ Dr. Za Hlei Thang (USA)၊ Nang Lian Thang (Japan) နဲ့ကျွန်တော့ရဲ့လက်ဦးဆရာ ဒေါက်တာကောင်းညွန့် (New Zealand)၊ တို့အားအထူးကျေးဇူး တင်ရှိကြောင်းမှတ်တမ်းတင်လိုက်ပါတယ်။ ဒီဇိုင်းသရုပ်ဖေါ်နဲ့ ပါတ်သက်ပြီး လိုအပ်ချက်တွေကို ကူညီခဲ့ကြတဲ့ Khaipi, Cincin, Mary Huai, Hang, နဲ့ Salai Ngun Cung Lian (USA) တို့ကိုလည်း အထူးကျေးဇူး တင်ကြောင်းဖေါ်ပြလိုပါတယ်။

**ဖိတ်ခေါ်ချက်။** ဒီဆောင်းပါးနဲ့ ပါတ်သက်ပြီးဝေဖန်ဆွေးနွေးခြင်း၊ အချက်အလက်များဖြည့်စွက်ခြင်း စသည်တို့ကိုလှိုက်လှိုက် လှဲလှဲဖိတ်ခေါ်ပါတယ်။ ဆက်သွယ်ရန်။ zoramstream@googlemail.com

(၁၉၇၄–၇၅ စာသင်နှစ်၊ ခစယ အမှုဆောင်အဖွဲ့ များအနက် RASU Forestry Department မှ ပါမောက္ခ Ral Lian Sum က ဥက္ကဋ္ဌ ဖြစ်ပြီး Nang Lian Thang က တွဲဘက်အထွေထွေ အတွင်းရေးမှူးဖြစ်ပါတယ်။) (လိုအပ်နေသေးသော သမိုင်းအချက်အလက် များကို ဖြည့်စွက်မှတ်တမ်းတင်နိုင်ရေးအတွက် မိုင်ပိုပို နဲ့ အဆက်အသွယ် ရရှိရေးကူညီပေးကြပါရန်။)